မာ တိ ကာ

စဉ် အကြောင်းအရာ စာမျက်နှာ
၁။ စာရေးသူ၏ကျေးဇူးတင်လွှာ က - စ
၂။ နိဒါန်း ဆ - ထ
၃။ အပိုင်း (၁) ကိုလိုနီခေတ်နှောင်းပိုင်းကာလနိုင်ငံရေး- ကိုလိုနီခေတ်ကာလနိုင်ငံရေးကိုသိရှိနားလည် စေနိုင်သည့်ဆောင်းပါးစာတမ်းများ ၁ -၂၄၆
  ၁-၁။ ဗြိတိသျှ-မြန်မာနိုင်ငံရှိ ပါတီ၊ လူတန်းစားနှင့်အာဏာ ၁ - ၄၄
  ၁-၂။ ကိုလိုနီခေတ် နှောင်းပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ဦးစော၏ နိုင်ငံရေးလှုပ်ရှားမှုဘဝ ၄၅ -၁၂၁
  ၁-၃။ ဖက်ဆစ်ဆန့်ကျင်ရေးစစ် အတွင်းက မြန်မာနိုင်ငံ ၁၂၂-၂၀၀
  ၁-၄။ မြန်မာ့ကွန်မြူနစ်လှုပ်ရှားမှု၊ ယင်း၏ အိန္ဒိယနှင့် ဆက်နွယ်မှု၊ ဖွဲ့စည်းမှုနှင့် ဂိုဏ်းဂဏဝါဒ ၂၀၁-၂၄၆
၄။ အပိုင်း (၂) မြန်မာနိုင်ငံ၏ နိုင်ငံတော်နှင့် လူ့ဘောင် အဖွဲ့အစည်းဆက်နွယ်မှု (သို့မဟုတ်) မြန်မာနိုင်ငံသမိုင်းကို လေ့လာခြင်း - လူမှုရေးသိပ္ပံအမျိုးအစားများနှင့် ယင်းတို့၏ အသုံးဝင်မှု ၂၄၇-၃၇၃

စဉ် အကြောင်းအရာ စာမျက်နှာ
  ၂-၁။ ဖွံ့ဖြိုးမှုမရှိသေးသော ခေတ်သစ် မြန်မာနိုင်ငံ၏နိုင်ငံရေးလေ့လာမှု ၂၄၇-၃၂၁
  ၂-၂။ အန္တရာယ်ဆိုး သို့မဟုတ် လွတ် မြောက်ခြင်းလော? ဂျေ၊အက်စ်၊ဖာနီဗဲလ်နှင့် ဒေဝါလီ မြန်မာ ၃၂၂-၃၅၃
  ၂-၃။ မြန်မာနိုင်ငံ၏ မရေရာသော ထိုး ဖောက် ကျော်လွှားမှု ၃၅၄-၃၇၃
၅။ အပိုင်း(၃) မြန်မာ့နိုင်ငံရေးအတွင်းရှိလူမျိုးစုရေး ရာများနှင့် ကိုယ်ပိုင်လက္ခဏာများ- ပြောင်းလဲမှုကို တွေးမြင်ယူဆချက် များဖြင့် ရုပ်လုံးဖော်ခြင်း ၃၇၄-၄၈၁
  ၃-၁။ မြန်မာ့နိုင်ငံရေးအတွင်းရှိ လူမျိုး စုရေးရာများနှင့် ပတ်သက်သည့် အမြင်များ ၃၇၄-၄၂၁
  ၃-၂။ နိုင်ငံများက အမျိုးသားနိုင်ငံများ ကို တည်ဆောက်ပါသလား?မြန် မာနိုင်ငံရှိ ကိုယ်ပိုင်လက္ခဏာဆိုင် ရာနိုင်ငံရေးကိုထပ်မံဆန်းစစ်ခြင်း ၄၂၂-၄၈၁
၆။ ရောဘတ်၊အိပ်ချ်၊တေလာ၏ ကိုယ်ရေးဖြစ်စဉ် အကျဉ်း ၄၈၂-၄၈၃
၇။ ပင်ရင်းအထောက်အထားများ ၄၈၄-၄၈၅

နိဒါန်း

ဤစာအုပ်တွင်ဘာသာပြန်ဆိုထားသည့် ဆောင်းပါးစာတမ်းကိုးစောင်မှာ၊ ခေတ်သစ်မြန်မာ့နိုင်ငံရေးသမိုင်း၏ အသွင်အပြင်များနှင့်ပတ်သက်၍ ကျွန်တော်ရေးသားပြီးခဲ့သည့်ဆောင်းပါး(၇၅)စောင်ကျော်အနက်မှ ရွေးချယ်တင်ပြထားခြင်းဖြစ်ပါသည်။ ယင်းဆောင်းပါးများတွင် အကြောင်းအရာများရော၊ ကိုယ်တွေ့အချက်အလက်များတွင်ပါ ကွဲပြားမှုရှိပါသည်။ သို့သော်လည်း၊ အားလုံးသောဆောင်းပါးစာတမ်းများမှာ၊ မြန်မာ့သမိုင်းနှင့်ပတ်သက်၍၊ "ထိုအချိန်က အင်္ဂလိပ်ဘာသာစာပေတွင် တည်ရှိနေခဲ့သည့်၊ ကျွန်တော့်အား စိတ်ရှုပ်ထွေးမှုကိုဖြစ်စေခဲ့သောပြဿနာများ"ကို ဖြေရှင်းရန် ကြိုးပမ်းသည့်အနေဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ သမိုင်းနှင့်နိုင်ငံရေးရာ ခွဲခြမ်းစိတ်ဖြာမှုနှင့်ပတ်သက်သည့် ရေးသားခဲ့မှုများအပါအဝင် စာပေအားလုံးမှာ၊ အတိုင်းအတာတစ်ခုအထိ ကိုယ်ရေးအတ္ထုပ္ပတ္တိ အသွင်သဘောဆောင်ပါသည်။ စာရေးသူများက ယင်းဆောင်းပါးစာတမ်းများကို ရေးသားသည့်အချိန်၌၊ ၎င်းတို့တွင်ရှိနေသည့် အတွေ့အကြုံများနှင့်အမြင်များက၊ ၎င်းတို့၏ ဆောင်းပါးများ ရေးသားမှုအပေါ် လွှမ်းမိုးမှုရှိခဲ့ပါသည်။ ယခုတင်ပြထားသည့် ကျွန်တော်၏ ဆောင်းပါးစာတမ်းများမှာ၊ နှစ်ပေါင်းလေးဆယ်ကာလနီးပါးအတွင်း ရေးသားခဲ့ခြင်းဖြစ်သဖြင့်၊ ထိုကာလ အတောအတွင်း ကျွန်တော်၏အယူအဆ၊ အတွေးအမြင်များမှာ၊ အထိုက်အလျောက် ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ အတွေးအမြင်များမှာ၊ ရင့်ကျက်မလာခဲ့ဘူးဟုဆိုလျှင်ပင်၊ အနည်းဆုံးအားဖြင့် ပိုမိုချင့်ချိန်နိုင်လာပြီ ဖြစ်ပါသည်။

ပထမဆောင်းပါးစာတမ်းနှစ်ခုဖြစ်သည့် "ဗြိတိသျှမြန်မာနိုင်ငံရှိပါတီ၊ လူတန်းစားနှင့်အာဏာ" **(Party, Class and Power in British Myanmar)** နှင့် "ကိုလိုနီခေတ်နှောင်းပိုင်း မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် ဦးစော၏နိုင်ငံရေးလှုပ်ရှားမှုဘဝ" **(Politics in Late Colonial Myanmar: The Case of U Saw)** တို့မှာ၊ ၁၉၇၁-၇၂ခုနှစ်က၊ [**India Office Archives and Library**]တွင်၊ ကျွန်တော်၏ ပါရဂူဘွဲ့ယူကျမ်းသုတေသနပြုစဉ် တွေ့ရှိချက်များမှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ပါရဂူဘွဲ့ကျမ်းဖြစ်သော "မြန်မာ့လူမှုလူတန်းစားများနှင့် ဗြိတိသျှ-အိန္ဒိယမူဝါဒတို့အကြားဆက်နွယ်မှုက၊ မြန်မာ့အထက်လွှာ နိုင်ငံရေးသီးသန့် လူတန်းစား၏ အပြုအမူအပေါ်သက်ရောက်မှု (၁၉၃၇-၄၂)" **(The Relationship between Burmese Social Classes and British Indain Policy on the Behaviour of the Burmese Political Elite, 1937-42)** စာတမ်းသည်၊ သာယာဝတီမောင်မောင်၊ ဦးဘဘေ၊ ဦးပု၊ ဒေါက်တာဘမော်၊ ဦးစောနှင့် အခြားသော ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသားရေးဝါဒီနိုင်ငံသမားများ၏ "နိုင်ငံရေး ပြုမူဆောင်ရွက်ပုံများ"ကို၊ ရှင်းလင်းပြရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေးကို ရေးသားခဲ့ကြသော ဗြိတိသျှစာရေးဆရာများနှင့် ၎င်းတို့ကို သံယောင် လိုက်သော အမေရိကန်စာရေးဆရာများကပါ၊ ၎င်းအမျိုးသားရေးဝါဒီ နိုင်ငံရေး သမားများ၏ ပြုမူပုံများကို "အပြောင်းအလဲမြန်ပြီး၊ စိတ်မချရသော၊ ဆင်ခြင်တုံတရားနှင့်ကိုက်ညီမှုမရှိသောအပြုအမူများ" ဖြစ်သည်ဟု၊ ဖော်ပြခဲ့လေ့ရှိပါသည်။

မြန်မာအမျိုးသားရေးဝါဒီများ၏အပြုအမူများမှာ၊ အခြားသော နိုင်ငံရေးသမားများ၏ပြုမူပုံများထက်၊ ပိုမို၍အပြောင်းအလဲမြန်ပြီး၊ ပိုမို၍ ဆင်ခြင်တုံတရားနှင့် ကိုက်ညီမှုမရှိဖြစ်နေသည်ဟု ကျွန်တော့်အနေဖြင့် မယုံကြည်ပါ။ ၎င်းတို့၏ အပြုအမူများကို၊ ၎င်းတို့ကိုယ်တိုင်တွေ့မြင် ကြုံတွေ့နေခဲ့ရသည့် နိုင်ငံရေးစနစ် အားအခြေခံ၍ ရှင်းလင်းပြနိုင်မည်ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ဤအချက်နှင့်ပတ်သက်၍ ပထမဆုံးစာတမ်းတွင် အတတ်နိုင်ဆုံး တိုတိုနှင့်လိုရင်း ရှင်းလင်း တင်ပြနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။

ကျွန်တော့်အနေဖြင့်၊ ဦးစောအား စိတ်ဝင်စားစရာကောင်းသော လူတစ်ယောက်အဖြစ် တွေ့မြင်ခဲ့သောကြောင့်၊ သူ့အကြောင်း စာရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ သူသည်ပြောင်မြောက်သောနိုင်ငံရေးသမားတစ်ဦးဖြစ်ပါသည်။ သူ့အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအားလုပ်ကြံမှုတွင် မည်သည့်အတွက်ကြောင့် ပါဝင်ပတ်သက်သည်ဆိုသည်ကို ကျွန်တော်တို့အနေဖြင့် မှန်းဆကြည့်ရုံသာ ကြည့်နိုင်ပါသည်။ ထိုကြီးမားသောအမှားကြီးကြောင့် မြန်မာ့နိုင်ငံရေးတွင် သူ၏စွမ်းဆောင်မှုများကို အများအားဖြင့် လျစ်လျူရှုထားကြပါသည်။ ကျွန်တော့်အနေဖြင့် နိုင်ငံရေးသမိုင်းကို စဉ်းစားဆင်ခြင်ကြည့်သည့်အခါ၊ "အကယ်၍ . . . ဘာ/ဘယ်လိုဖြစ်လာမည်လဲ"ဆိုသည့်မေးခွန်းကို မေးခြင်လာခဲ့ပါသည်။ အကယ်၍၊ အာရှတွင်ဖြစ်ပွားသော ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ မရောက်ရှိခဲ့လျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ဦးစောအနေဖြင့် ၁၉၄၂ ခုနှစ်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာရမည့်အစား၊ စစ်ကြီးကာလအတွင်း၊ ၎င်းအား၊ ယူဂန်ဒါတွင် ထိန်းသိမ်းထားမှုကိုဖြစ်ပေါ်စေခဲ့သော ဂျပန်တို့၏ "လစ်စဘွန်းနှင့်တိုကျိုအကြားရှိ သံတမန်စကားဝှက်များ"ကို၊ အကယ်၍ အမေရိကန်ရေတပ်က၊ မဖော်ထုတ်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ သမိုင်းကြောင်းမှာ မည်သို့ဖြစ်လာပါမည်လဲ၊ ကျွန်တော်တို့အနေဖြင့် ခန့်မှန်းတွက်ဆရုံသာ၊ ခန့်မှန်းတွက်ဆနိုင်ပါသည်။ သို့သော်လည်း၊ မြန်မာ့သမိုင်းတွင်၊ ၎င်း၏နေရာမှာ၊ ယခုလက်ရှိအနေအထားနှင့်များစွာ ကွဲလွဲနေမည် ဖြစ်ပါသည်။ ၎င်းမှာ ဗြိတိသျှကိုလိုနီအစိုးရအကြီးအကဲများအတွင်းမှ၊ အမေရိကန်သမ္မတတစ်ဦးနှင့် ဓနစပ်ညှိနှိုင်းဆွေးနွေးရန်အတွက်၊ ဝါရှင်တန်ဒီစီသို့ သွားရောက်ခဲ့သည့် တစ်ဦးတည်းသောအစိုးရအဖွဲ့အကြီးအကဲ ဖြစ်ပါသည်။ဤအချက်က၊ ရှားပါသည့်နိုင်ငံရေး လာဘ်မြင်မှု အတိုင်းအတာကို ပြသနေပါသည်။

ဒုတိယဆောင်းပါးစာတမ်းနှစ်စောင်မှာ၊ "ဖက်ဆစ်ဆန့်ကျင်ရေးစစ်အတွင်းက မြန်မာနိုင်ငံ" **(Burma in the Anti-Fascist War)** နှင့် "မြန်မာ့ကွန်မြူနစ်လှုပ်ရှားမှု၊ ယင်း၏အိန္ဒိယနှင့် ဆက်နွယ်မှုနှင့် ယင်း၏ဖွဲ့စည်းမှုနှင့်ဂိုဏ်းဂဏဝါဒ" **(The Burmese Communist Movement and Its Indian Connection: Formation and Factionalism)** တို့ဖြစ်ပါသည်။ ယင်းစာတမ်းနှစ်စောင်ကို စစ်အေးတိုက်ပွဲကာလအလယ်တွင်ရေးသားခဲ့ပြီး၊ နိုင်ငံရေးတွင် ကွန်မြူနစ်ဝါဒ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ထိုခေတ်ကရှိနေခဲ့သည့် စိုးရိမ်ပူပန်မှုများကို ရောင်ပြန်ဟပ်မှုရှိခဲ့ပါသည်။ ယင်းစာတမ်းများမှာ၊ ကွယ်လွန်ခဲ့ပြီဖြစ်သော "ဦးလေးမြင့်"နှင့် အတူ၊ "သိန်းဖေမြင့်၏ကိုယ်တွေ့မှတ်တမ်း"ဖြစ်သည့် "စစ်အတွင်းခရီးသည်"ကို ဘာသာပြန်နေမှုမှလည်း၊ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။ ကိုလိုနီကမ္ဘာတွင် ကွန်မြူနစ်ဝါဒ ဖွဲ့စည်းဖြစ်ပေါ်လာမှုနှင့် ကြီးထွားမှုတို့တွင်၊ အိန္ဒိယကွန်မြူနစ်လှုပ်ရှားမှုနှင့် ယင်းနှင့်ဆက်နွယ်နေသည့် မြန်မာကွန်မြူနစ်လှုပ်ရှားမှု၏ မူလဘူတနှင့် ယင်းလှုပ်ရှားမှုနှစ်ရပ်လုံးအနေဖြင့် ထိုခေတ်ကာလကလက်ဝဲဗြိတိသျှ နိုင်ငံရေးနှင့် ရောထွေးနေမှုတို့မှာ၊ တစ်မူထူးခြားမှုဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၌စစ်အေးတိုက်ပွဲသို့ဦးတည်ပေးသော ပြဋ္ဌာန်းစာအုပ်များတွင် ကျွန်တော်သင်ကြားခဲ့ရသည်နှင့်မတူဘဲ၊ မြန်မာကွန်မြူနစ်ဝါဒမှာ ရှေးဦးပိုင်းကာလများ၌ ရုရှားထက် အိန္ဒိယတွင် ပိုမို၍အရင်းခံခဲ့ပါသည်။ နောက်ပိုင်းတွင်မှသာ၊မြန်မာကွန်မြူနစ်လှုပ်ရှားမှုသည် တရုတ်ကွန်မြူနစ်ပါတီ၏ဩဇာလွှမ်းမိုးမှုအောက်သို့ ကျရောက်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ ယင်းကိစ္စမှာ ကျွန်တော်၏စာတမ်းများတွင် အဓိကထား၍ဆွေးနွေးသော အကြောင်းအရာတစ်ခုမဟုတ်ပါ။ ၁၉၄၀ ပြည့်နှစ်များက မြန်မာ့နိုင်ငံရေးတွင်၊ မြန်မာကွန်မြူနစ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်လျှင်၊ ဖက်ဆစ်ဆန့်ကျင်တော်လှန်ရေးအတွင်းတွင်ရော၊ နောက်ပိုင်းဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုတွင်ပါတွေ့ရှိရသည့် ၎င်းတို့၏လက္ခဏာမှာ၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလရှိ ၎င်းတို့၏ပြုမူပုံနှင့် ကွဲပြားခြားနားမှုရှိနေပါသည်။ ၁၉၄၇ ခုနှစ်က ဦးစောပြုလုပ်ခဲ့သည့်အမှားများနှင့် ၁၉၄၈ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီက ပြုလုပ်ခဲ့သောအမှားများက၊ မြန်မာနိုင်ငံအတွက် ကြေကွဲဖွယ်အမွေကို ဖန်တီးခဲ့ပါသည်။ ယင်းအမွေဆိုးကို၊ ယခုအထိတိုင် အပြည့်အဝ ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။

နောက်ထပ်ဆောင်းပါးစာတမ်းသုံးဆောင်မှာ၊ လက္ခဏာအားဖြင့်၊ ပထမလေးစောင်နှင့် အလွန်ပင်ကွဲပြားခြားနားနေပြီး၊ ယင်းဆောင်းပါးစာတမ်း သုံးစောင်တွင်လည်း၊ တစ်စောင်နှင့်တစ်စောင် ကွဲပြားသည့်လက္ခဏာရှိနေပါသည်။ "ဖွံ့ဖြိုးမှုမရှိသေးသော ခေတ်သစ်မြန်မာနိုင်ငံ၏နိုင်ငံရေးလေ့လာမှု" **(An Undeveloped State : The Study of Myanmar's Politics)** ဆောင်းပါးစာတမ်းမှာ၊ ကျွန်တော့်၏ယခင်ပါရဂူဘွဲ့အတွက်ကြီးကြပ်ပေးခဲ့သူ "ဘင်နဲဒစ်၊အင်ဒါဆင်" **(Benedict Anderson)** ၏ **(Studies of the Thai State : The State of Thai Studies)** ဆောင်းပါးစာတမ်း၏ စေ့ဆော်၊ လှုံ့ဆော်မှုကြောင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်များအတွင်းက မြန်မာ့နိုင်ငံရေးလေ့လာမှုများတွင် တည်ရှိခဲ့သည့် အကြောင်းအချက်များ၊ ပြဿနာများနှင့် ပတ်သက်၍ ကျွန်တော့်၏စိတ်တွင် ရှင်းရှင်းလင်းလင်းရှိလာစေရန် ကြိုးပမ်းမှုလည်းဖြစ်ပါသည်။ ၁၉၈၇ ခုနှစ်တွင် The State in Burma ကို မရေးသားမီကဖြစ်ပါသည်။ နောက်ပိုင်းတွင် The State in Myanmar (2009) ကို ဆက်လက်ရေးသားခဲ့ပါသည်။ ၁၉၇၈ ခုနှစ်တွင်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင်လည်းကောင်း မြန်မာနိုင်ငံ၌ ခြောက်လကာလစီကြာမျှ နေထိုင်လေ့လာခဲ့ပြီးနောက်၊ ကျွန်တော် လေ့လာသင်ကြားခဲ့သည့် ယင်းအချိန်က အခြေအနေများနှင့်ပတ်သက်သည့် အသိအမြင်များကို အသုံးပြုရန် ကြိုးပမ်းခဲ့ပါသည်။ အတိတ်က မြန်မာနိုင်ငံဖြစ်ပျက်ခဲ့မှုများနှင့်ပတ်သက်၍၊ မည်သို့ဖြစ်ပျက်ခဲ့သည်နှင့်ပတ်သက်ပြီး ရေးသားအဓိပ္ပါယ်ဖွင့်ဆိုခဲ့ချက်များကို၊ နိုင်ငံခြားသားစာရေးဆရာများအနေဖြင့် လက်ခံနိုင်အောင် ကြိုးပမ်းနေစဉ်တွင်၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ကျွန်တော်၏အတွေ့အကြုံများမှာ၊ ကျွန်တော်၏ အလျင်ကိုလိုနီကာလနှင့်ကိုလိုနီလွန်ကာလမှ ပုဂ္ဂိုလ်ကြီးများ၏ အတွေ့အကြုံများနှင့် အလွန်ပင်ကွာခြားနေခဲ့ပြီဖြစ်ပါသည်။

နောက်ထပ်ဆောင်းပါးစာတမ်းနှစ်စောင်မှာ၊ အခြားပုဂ္ဂိုလ်များ၏ မေတ္တာရပ်ခံချက်ဖြင့်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ "ဂျေ၊အက်စ်၊ ဖာနီဗယ်နှင့် ဒေဝါလီမြန်မာ" **(Disaster or Release? J.S Furnivall and the Bankruptcy of Myanmar)** ဆောင်းပါးစာတမ်းမှာ၊ အရင်းခံအားဖြင့် ကိမ်းဘရစ်ချ်တက္ကသိုလ်တွင် ဟောပြောခဲ့သည့် ပို့ချချက်တစ်ခုဖြစ်ပါသည်။ ကျွန်တော်အား၊ တစ်နှစ် နှစ်ကြိမ်ကျင်းပသည့် ကင်စလေ၊မာတင် **(Kingsley Martin)**အထိမ်းအမှတ်ဟောပြောပွဲတွင် ဟောပြောပို့ချပေးနိုင်မည်လားဟု မေးမြန်းလာခဲ့ပါသည်။ ကင်စလေ၊မာတင်မှာ၊ လက်ဝဲယိမ်းအပတ်စဉ်ထုတ် ဗြိတိသျှနိုင်ငံရေးမဂ္ဂဇင်းဖြစ်သည့် ***The New Statesman*** တွင် အယ်ဒီတာအဖြစ် ကာလရှည်ကြာတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ၎င်းသည်၊ ၎င်း၏ကာလရှည် လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဒေါ်ရိုသီ၊ ဝုဒ်မင် **(Dorothy Woodman)**နှင့်အတူ၊ ၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များစောစောပိုင်းတွင် မြန်မာနိုင်ငံသို့မကြာခဏသွားရောက်လည်ပတ်ခဲ့သူဖြစ်ပါသည်။ ကျွန်တော်၏ဟောပြောမှုအတွက် မည်သည့်ခေါင်းစဉ်ကို ရွေးချယ်ရမည်နှင့်ပတ်သက်၍ စဉ်းစားခဲ့ရာတွင်၊ မြန်မာနိုင်ငံ၏စီးပွားရေးနှင့် နိုင်ငံရေး ပြဿနာများနှင့်ပတ်သက်ပြီး၊ ယခင်ဗြိတိသျှကိုလိုနီအရာရှိနှင့် ဖေဘီယန်ဆိုရှယ်လစ်တစ်ဦးဖြစ်သူ မစ္စတာဂျွန်၊အက်စ်၊ဖာနီဗယ်လ် **(Mr. John Sydenham Furnivall)**၏ ခွဲခြားစိတ်ဖြာလေ့လာတင်ပြချက်ကို ဝေဖန်သုံးသပ်ရန်နှင့် ယင်းသို့ဝေဖန်သုံးသပ်ရာ၌ ၁၉၈၈ခုနှစ်တွင် အဆုံးသတ်သွားခဲ့သည့် မြန်မာနိုင်ငံ၏ဆိုရှယ်လစ်ဝါဒ အဲ့တွေ့အကြုံကို ထည့်သွင်းဆွေးနွေးတင်ပြရန် စဉ်းစားမိခဲ့ပါသည်။ လွတ်လပ်ရေး မရမီကာလက မြန်မာနိုင်ငံနှင့်ပတ်သက်သည့်လေ့လာမှုများတွင်၊ ဖာနီဗယ်လ်မှာ အရေးပါသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ ၎င်း၏ခွဲခြမ်းစိတ်ဖြာလေ့လာမှုအမွေကို၊ ခေတ်သစ်မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ကျွန်တော်နှင့်အခြားသူအများအပြားတို့၏ ရေးသားမှုတိုင်းလောက်တွင်ပင် တွေ့ရှိနေရပါသည်။

"မြန်မာနိုင်ငံ၏မရေရာသောထိုးဖောက်ကျော်လွှားမှု" **(Myanmar's Ambiguous Breakthrough)**ကို ၁၉၉၀ ပြည့်နှစ်တွင် ရေးသားခဲ့ပါသည်။ ထိုစဉ်က အတော်အတန်အားဖြင့် အသစ်အဖြစ်ထွက်ပေါ်လာခဲ့သည့် ***The Journal of Democracy*** ၏ အယ်ဒီတာများမှ မေတ္တာရပ်ခံသဖြင့်ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယင်းဂျာနယ်အား၊ အမေရိကန်အစိုးရက ငွေကြေးထောက်ပံ့သည့် ***National Endowment for Democracy*** က ကမကထပြုထားပြီး၊ သဘောတရားရေးပြင်းထန်သူများ၏ သိမ်းယူမှုကို ခံရခြင်းမရှိသေးပါ။ သို့သော်လည်း၊ ယခုအခါ၊ အမေရိကန်နေထိုင်မှုဘဝကို ကမ္ဘာတဝှမ်းတွင်ဖြန့်ချိရန် ကြိုးစားလိုသူများက၊ သိမ်းယူထားခဲ့ပြီဖြစ်ပါသည်။ ၁၉၈၀ပြည့်နှစ်များ နှောင်းပိုင်းကမှ၊ ယင်းဂျာနယ်အနေဖြင့် ဒီမိုကရေစီအမျိုးမျိုးတို့နှင့် ယင်းတို့ ဆက်လက်ရပ်တည်ရှင်သန်ရန် လိုအပ်သော လူမှုရေး၊ စီးပွားရေးနှင့်သမိုင်းကြောင်း ဆိုင်ရာအခြေအနေများနှင့် ပတ်သက်သည့် သီအိုရီများအပေါ်၊ တင်ပြဆွေးနွေးမှုများရှိပါသေးသည်။ ကျွန်တော်ယခုယုံကြည်နေသကဲ့သို့ပင်၊ ထိုစဉ်က ကျွန်တော်ယုံကြည်ခဲ့သည်မှာ၊ ၁၉၈၈ခုနှစ်ကအဖြစ်အပျက်များမှာ၊ အများကပြောဆိုနေကြသည့် ဒီမိုကရေစီကိုလိုလားထောက်ခံသော အုံကြွမှုကြီးမဟုတ်ဆိုသည့်အချက်ဖြစ်ပါသည်။ တကယ်တမ်းအားဖြင့်၊ ပြင်းထန်ကြီးမားသည့် စီးပွားရေးအရဆင်းရဲဒုက္ခရောက်မှု၏ အကျိုးဆက်အဖြစ် ဖန်တီးဖြစ်ပေါ်လာခဲ့သည့် ဆူပူအုံကြွမှုကြီးသာဖြစ်ပါသည်။ ထိုလှုပ်ရှားမှု၏ရလဒ်က၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံသည့်အစိုးရတစ်ရပ် ဖြစ်မနေခြင်းမှာ ကျွန်တော်၏ တင်ပြချက်ကို အနေအထားများစွာအားဖြင့် ထောက်ခံမှုပြုနေသည့်ပုံ ပေါ်နေပါသည်။

နောက်ဆုံးဆောင်းပါးစာတမ်းနှစ်စောင်မှာ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ (သို့မဟုတ်) မြန်မာဘာသာဖြင့်ပင်ဖြစ်စေ နားလည်ရန်အတွက်၊ အယူအဆသဘောတရားအားဖြင့် နက်နဲရှုပ်ထွေးမှုအရှိဆုံးနှင့် အခက်ခဲဆုံး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုဆောင်းပါးစာတမ်းနှစ်ခုလုံးအနေဖြင့်၊ လူမျိုးကွဲမြောက်မြားစွာ ပါဝင်ဖွဲ့စည်းထားသော မြန်မာ့လူ့ဘောင်အပိုင်းတစ်ပိုင်းကို ပုံစံအမျိုးမျိုး ကြည့်ရှုနားလည်နိုင်မှုများနှင့် ထိုပြဿနာများအပေါ် မတူညီသော ဝေဖန်ပိုင်းခြားလေ့လာမှုများကြောင့် ပေါ်ထွက်လာသော နိုင်ငံရေး၊ လူမှုရေး အကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်ပါသည်။ ယင်းဆောင်းပါးစာတမ်းများကို အလွန်ကွဲပြားခြားနားသောအခြေအနေများတွင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ပထမဆောင်းပါးစာတမ်းဖြစ်သည့် "မြန်မာ့နိုင်ငံရေးအတွင်း လူမျိုးစုရေးရာများနှင့် ပတ်သက်သည့် အမြင်များ" **(Perceptions of Ethnicity in the Politics of Myanmar)**ကို၊ အဓိကအားဖြင့် "အဓိပ္ပါယ်ဖွင့်ဆိုသည့် သီအိုရီ စာတမ်း"အဖြစ် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ယင်းစာတမ်းမှာ၊ ကျွန်တော့်အနေဖြင့် ***The State in Myanmar*** စာအုပ်ကိုရေးသားရန် ပြင်ဆင်နေစဉ်အတွင်း၊ တွေ့ရှိနားလည်မှု များမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သိရှိနေကြသည့် "တိုင်းပြည်၏လူမျိုးစုအများအပြားနှင့် ၎င်းတို့၏ သမိုင်းကြောင်းမူလဘူတများနှင့် နိုင်ငံရေးအဆင့်အတန်းတို့နှင့်ပတ်သက်သောဖြစ်စဉ်၊ ဖြစ်ရပ်အခြေအနေများ"ကို၊ ကျွန်တော့်အနေဖြင့် မည်သို့အဓိပ္ပါယ် ဖွင့်ဆိုမည်ဆိုသည်ကို ဆွေးနွေးသုံးသပ်တင်ပြထားပါသည်။ ဂျီ၊အီး၊ဟာဗေးနှင့် ဒီ၊ဂျီ၊အီး၊ဟောလ်တို့ကဲ့သို့သော ကိုလိုနီသမိုင်းပညာရှင်များနှင့် ၎င်းတို့က သင်ကြားပို့ချပေးခဲ့သည့် မြန်မာသမိုင်းပညာရှင်အများအပြားတို့၏ "သမိုင်းရှိလူမျိုးစုများအရေး" အပေါ် "၎င်းတို့၏ နားလည်ပုံ" နှင့်ပတ်သက်သည့် ရေးသားထားချက်များအားဖတ်ရှုခဲ့ရပါသည်။ တစ်ချိန်တည်းတွင်၊ ဗစ်တာ၊လီဗာမင် **(Vicotr Lieberman)**နှင့် ဦးထွန်းအောင်ချိန်တို့ကဲ့သို့သော နောက်ပိုင်းသမိုင်းပညာရှင်များနှင့် အက်ဒ်မန်၊လိချ် **(Edmund Leach)** ကဲ့သို့သော မနုဿဗေဒပညာရှင်များ၏ "သမိုင်းဆိုင်ရာလူမျိုးစုရေး ကိစ္စများအပေါ် နားလည်မှု" နှင့်ပတ်သက်၍ "မတူညီ၊ဆန့်ကျင်နေသည့်အမြင်ဖြင့် ရေးသားချက်များ"ကိုလည်း ဖတ်ရှုခဲ့ရပါသည်။ ယင်းသို့ "ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေသည့် နားလည်မှုအမြင်များ"ကို နှိုင်းယှဉ်ဖတ်ရှုရသည့်အခါ၊ ကျွန်တော့်အနေဖြင့် စိတ်ဝင်စားဖွယ်ရာအဖြစ် တွေ့မြင်ခဲ့ပါသည်။

နောက်ဆုံးတွင်၊ ကျွန်တော့်အနေဖြင့်၊ ဟာဗေးနှင့်အခြားသမိုင်းပညာရှင်များသည် "မြန်မာ့သမိုင်းကို ဗြိတိသျှ သမိုင်းတစ်ခုသဖွယ် ရေးသားခဲ့ကြကြောင်း" နှင့် "သမိုင်းဆိုင်ရာကြောင်းကျိုးတရားပုံစံ" နှင့်ပတ်သက်ပြီး "မြန်မာ့ လူ့အဖွဲ့အစည်း၏ ကိုလိုနီ ခေတ်မတိုင်မီကာလမှ ကိုလိုနီကာလသို့၊ ယင်းနောက် လွတ်လပ်ရေးခေတ်ကာလသို့ ပြောင်းလဲသွားမှုအား၊ လက်တွေ့ကြည့်ရှု လေ့လာဆန်းစစ်ခြင်းဖြင့် ရှုမြင်ရမည့် အစား၊ အကောင်အထည်ဒြပ်အဖြစ် ဖော်ဆောင်ထားသည့် လူမျိုးစုရေးဖြင့် ရှုမြင်ခဲ့ကြသည်"ဟု၊ မိမိအနေဖြင့် ကောက်ချက်ချခဲ့ပါသည်။ "နိုင်ငံများက အမျိုး သားနိုင်ငံများကို တည်ဆောက်ပါသလား? မြန်မာနိုင်ငံရှိ ကိုယ်ပိုင်လက္ခဏာဆိုင်ရာ နိုင်ငံရေးကိုထပ်မံဆန်းစစ်ခြင်း" **(Do States Make Nations? The Politics of Identiy in Myanmar Revisited)** ဆောင်းပါးစာတမ်းမှာ၊ ပါမောက္ခ မိုက်ကယ်၊ အောင်သွင် **(Professor Michael Aung-Thwin)**နှင့် ပါမောက္ခ အီယန်၊ဘရောင်း **(Professor Ian Brown)**တို့၏ သီးခြားစီမေတ္တာရပ်ခံချက်ဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ပါမောက္ခ မိုက်ကယ်၊အောင်သွင်က၊ ဟာဝိုင်ယီတက္ကသိုလ်ရှိ ၎င်း၏ ကျောင်းသားများအား ဟောပြောပို့ချပေးပါရန်နှင့် ပါမောက္ခ အီယန်၊ဘရောင်းက၊ "အရှေ့တိုင်းနှင့် အာဖရိကဆိုင်ရာဘာသာရပ်များသင်ကျောင်း"တွင် ဟော ပြောပို့ချပေးပါရန် မေတ္တာရပ်ခံချက်တို့ဖြစ်ပါသည်။ ထိုအချိန်က၊ ကျွန်တော်မှာ တက္ကသိုလ်ဆရာဘဝတွင်တက်လှမ်းရန် ရုန်းကန်နေရသည့် အလယ်အလတ် အသက်အရွယ်ရှိ ကထိကဆရာတစ်ဦးမဟုတ်တော့ပါ။ ထို့ပြင် ပုဂံ၊ ပဲခူး၊ မန္တလေး၊ ပြင်ဦးလွင်မှလွဲ၍ ရန်ကုန်ပြင်ပရှိ မြန်မာနိုင်ငံကို မသိမမြင်ဘူးသူလည်း မဟုတ်တော့ပါ။ ၁၉၈၂ ခုနှစ်က ရှေးဟောင်းမော်ဒယ်၊ ဝက်ဂွန်ဘတ်စ်ကားဖြင့်၊ တောင်ငူ၊ ပျဉ်းမနား၊ ရေဇင်း၊ မိတ္ထီလာ၊ မန္တလေး၊ ရွှေဘို၊ ရေနံ့ချောင်း၊ ချောက်၊ မင်းလှနှင့် သာယာဝတီတို့သို့ သုံးပတ်ကျော်ကြာ ခရီးတစ်ပတ်လှည့်ခဲ့ပြီး ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပျော်ရွှင်ဖွယ်ကောင်းသည့်အချက်က၊ ကျွန်တော့်အတွက် မြန်မာတစ်နိုင်ငံလုံးသို့ လှည့်ပတ်ခရီးသွားရသည်မှာ အလွန်ပင် ပိုမိုလွယ်ကူလာခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယဆောင်းပါး စာတမ်းကို၊ ကျွန်တော်ရေးသည့်အခါ၊ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သီအိုရီအားဖြင့် နားလည်မှုသာမက၊ သုံးသပ်ချက်များ ဆွဲယူနိုင်မှုကို အထောက်အကူပြုသည့်၊ မြန်မာနိုင်ငံအား ပိုမိုသိမြင်နားလည်လာမှုများကိုဖြစ်ပေါ်စေသော အတွေ့အကြုံမျိုးစုံတို့ကိုလည်း ရရှိနေခဲ့ပြီဖြစ်ပါသည်။

စာဖတ်သူအမျိုးမျိုးတို့အနေဖြင့် ဤဆောင်းပါးစာတမ်းများတွင် ရေးသားထားချက်အများအပြားနှင့်ပတ်သက်၍ သဘောတူညီမှုရှိလိမ့်မည် မဟုတ်သည်မှာ သံသယဖြစ်ရန်မရှိပါ။ အချို့သောသူများအတွက် ကျွန်တော်၏ အမြင်များမှာ၊ ၎င်းတို့သင်ကြားထားခဲ့ရသည်များနှင့် ကိုက်ညီမှုရှိလိမ့်မည် မဟုတ်ပါ။ အခြားသူများအတွက်မူ၊ ကျွန်တော်၏အမြင်များမှာ ၎င်းတို့၏ နိုင်ငံရေးအရင်းခံနေသည့် အမြင်များ (သို့မဟုတ်) ကြိုတင်လက်ခံထားသည့် အယူအဆများနှင့် ဝိရောဓိဖြစ်နေကောင်း ဖြစ်နေကြမည်ဖြစ်ပါသည်။ အခြားသော သူများအတွက်မူ၊ ကျွန်တော်၏အမြင်များနှင့်ကွဲလွဲ ကွာခြားသော ကိုယ်တွေ့သက်သေသာဓကများ (သို့မဟုတ်) ကျွန်တော်၏အမြင်များကို ပိုမိုခိုင်မာစေသော ကိုယ်တွေ့သက်သေသာဓကများ ရှိနေကြမည်ဖြစ်ပါသည်။ ဤစာအုပ်တွင်ရေးသားဖော်ပြထားသော ဆောင်းပါး စာတမ်းများပါအကြောင်းအရာများမှာ ပိုမိုစဉ်းစားပြီး ဆွေးနွေးမှုများဖြစ်လာစေရန်ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်ပါသည်။ ဤဆောင်းပါး စာတမ်းများတွင်ရေးသားထားသည့် အကြောင်းအရာများနှင့် ပတ်သက်၍၊ အစစပြီး ပြည့်စုံစွာရေးသားထားပြီဟု မဆိုလိုပါ။ ထိုဘာသာရပ်များနှင့်ပတ်သက်၍ အခြားသူများအနေဖြင့် ပိုမိုနားလည်လာနိုင်စေရန် (သို့မဟုတ်) ထိုဘာသာရပ်များနှင့် ပတ်သက်၍ ကျွန်တော့်၏နားလည်မှုများ မှားပါက၊ အခြားသူများက မှားကြောင်း သက်သေပြနိုင်စေရန်တို့အတွက် အထောက်အကူဖြစ်စေသည့်အရာများအဖြစ် မြင်စေလိုပါသည်။ ကျွန်တော့်အနေဖြင့် ထိုစာတမ်းများပါအကြောင်းအရာများကို ပိုမိုသိရှိ နားလည်လိုပါသည်၊ စာဖတ်သူများ၏ တုံ့ပြန်မှုမှ ထိုစာတမ်းများပါ အကြောင်းအရာများကို ပိုမိုနားလည်လာရန်လည်း မျှော်လင့်ပါသည်။

ရောဘတ်၊အိပ်ချ်၊တေလာ
လန်ဒန်
၄ ဇူလိုင် ၂၀၁၁။